# မှတ်ပုံတင်လက်မှတ်မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

## (CR-5)

မူပိုင်ခွင့်ဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## မှတ်ပုံတင်လက်မှတ်မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-5)

စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်သည် မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန်ထုတ်ပေးရန် လျှောက်လွှာပုံစံ (CR-5) ကို ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားရမည်။

**မှတ်ပုံတင်နံပါတ်**

၁။ မှတ်ပုံတင်လက်မှတ်မိတ္တူမှန်လျှောက်ထားလိုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်၏ မှတ်ပုံတင်နံပါတ်ကို ဖြည့်စွက်ရမည်-

**ဥပမာ**

*မှတ်ပုံတင်နံပါတ်- **CReg-1/2024/000001***

**လျှောက်ထားသူ**

၂။ (က) လျှောက်ထားသူအမျိုးအစားအားရွေးချယ်၍ ☐ အကွက်ထဲတွင် အမှတ်အသား (✓) ပြုရမည်။

ဥပမာ -

လျှောက်ထားသူအမျိုးအစားမှာ -

စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်ဖြစ်လျှင်- ☑ **စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်**

ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်ဖြစ်လျှင်- ☑ **ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်**

(ခ) (၁) လျှောက်ထားသူသည်ပုဂ္ဂိုလ်တစ်ဦးချင်းအမည်ဖြင့်လျှောက်ထားခြင်းဖြစ်လျှင်-

(ကက) အမည်

ဥပမာ- ***ဦးဖြူ***

အခြားအမည် (ရှိလျှင်)- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ- ***မောင်မောင် (ပျဉ်းမနား)***

(ခခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၉/ပမန(နိုင်)၁၂၃၄၅၆***

(ဂဂ) နိုင်ငံသား

ဥပမာ - ***မြန်မာ***

(ဃဃ) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***မြန်မာနိုင်ငံ***

(ငင) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ - ***အမှတ်(၅၄)၊ ရတနာလမ်း၊ ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

**(စစ)** နိုင်ငံ

ဥပမာ - ***မြန်မာနိုင်ငံ***

(ဆဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***0673430597***

***uphyu2023@gmail.com***

**နိုင်ငံခြားသားဖြစ်လျှင် -**

(ကက) အမည်

ဥပမာ - ***Mr. Sam Ji Khan***

အခြားအမည်ရှိလျှင်- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ - ***Khan***

(ခခ) နိုင်ငံကူးလက်မှတ်အမှတ်

ဥပမာ - ***H 123456***

(ဂဂ) နိုင်ငံသား

ဥပမာ - ***India***

(ဃဃ) အမြဲတမ်းနေထိုင်သည့်နိုင်ငံအမည်

ဥပမာ - ***India***

(ငင) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ - ***Main Street, Mumbai, India။***

(စစ) နိုင်ငံ

ဥပမာ - ***India***

(ဆဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ***+91223456789***

***samji@gmail.com***

(၂) လျှောက်ထားသူသည် တရားဝင်တည်ထောင်ထားသောအဖွဲ့အစည်း (ကုမ္ပဏီ)အမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင်-

(ကက) အဖွဲ့အစည်း(ကုမ္ပဏီ) အမည်အပြည့်အစုံ

*ဥပမာ-* ***Orange ကုမ္ပဏီလီမိတက်***

(ခခ) အဖွဲ့အစည်း (ကုမ္ပဏီ)မှတ်ပုံတင်အမှတ်

ဥပမာ- ***202312345678***

(ဂဂ) အဖွဲ့အစည်း(ကုမ္ပဏီ)အမျိုးအစား

ဥပမာ- ***ပုဂ္ဂလိကပိုင် ကုမ္ပဏီလီမိတက် (Private Company Ltd)***

***ကော်ပိုရေးရှင်း (Corporation)/ အသင်းအဖွဲ့ (Association)***

မှတ်ချက်။ ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် အသင်းအဖွဲ့/အဖွဲ့အစည်း/ လုပ်ငန်း စသော အမျိုးအစားအမည်များ ဖော်ပြရမည်။

(ဃဃ) လိပ်စာအပြည့်အစုံ

အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ- ***အမှတ် (၇)၊ သစ္စာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(ငင) နိုင်ငံ

အဖွဲ့အစည်း(ကုမ္ပဏီ) တည်ရှိရာ နိုင်ငံအမည်ကို ဖော်ပြရမည်-

ဥပမာ- ***မြန်မာနိုင်ငံ***

(စစ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ-***0673430597***

***orange111@gmail.com***

**ကိုယ်စားလှယ်**

၃။ (က) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ(ဃ)နှင့်အညီ မြန်မာနိုင်ငံသားကိုသာ ကိုယ်စားလှယ်လွှဲအပ်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်-

(၁) အမည်

ဥပမာ- ***ဦးကျော်ကျော်***

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၇/ပခန(နိုင်)၁၂၃၄၅၆***

(၃) ကိုယ်စားလှယ်၏ လိပ်စာအပြည့်အစုံ(လုပ်ငန်းဆောင်ရွက်သည့်လိပ်စာ)ကို ဖော်ပြရမည်။

ဥပမာ- ***အမှတ် (၁၂၃)၊ ရတနာလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။***

(၄) တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ

ဥပမာ- ***09-123456789***

***kyawkyaw@gmail.com***

(ခ) ကိုယ်စားလှယ်လွှဲအပ်ရာတွင် လျှောက်ထားချက်တစ်ခုအတွက် ကိုယ်စားလှယ်တစ်ဦးသာ လွှဲအပ်ရမည်။ ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်လျှင် ကိုယ်စားလှယ်လွှဲစာ (CR-10) ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် နိုင်ငံတော်အတွင်း နေထိုင်ပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ် ပြည့်ပြီးသူကို ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်ရမည်။ ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူကို ပူးတွဲတင်ပြရမည်။

**မှတ်ပုံတင်လက်မှတ်မိတ္တူမှန်လျှောက်ထားရသည့် အကျိုးအကြောင်းဖော်ပြချက်**

၄။ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် လျှောက်ထားရသည့် အကျိုးအကြောင်းကို ပြည့်စုံစွာ ရေးသားဖော်ပြရမည်။ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ပျောက်ဆုံးခြင်း/ပျောက်ဆုံးရသည့်အကြောင်း သို့မဟုတ် ပျက်စီးခြင်း/ ပျက်စီးရသည့် အကြောင်းကို ဖော်ပြရမည်။

(က) မှတ်ပုံတင်လက်မှတ်မိတ္တူမှန်လျှောက်ထားရသည့် အကျိုးအကြောင်း ဖော်ပြချက်

ဥပမာ-

***ကျွန်ုပ်၏မှတ်ပုံတင်လက်မှတ်မူရင်းသည် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးခြင်းကြောင့် ပျက်စီးခဲ့ပါသဖြင့် မှတ်ပုံတင်လက်မှတ်မိတ္တူမှန် လျှောက်ထားရခြင်း ဖြစ်ပါသည်။***

(ခ) နောက်ထပ်အသုံးပြုသော စာရွက်အရေအတွက်ကို ဖော်ပြရမည်-

ဥပမာ- ***ပူးတွဲပါဝင်သော စာရွက်အရေအတွက် (၂) ရွက်***

(ဂ) မှတ်ပုံတင်လျှောက်ထားသူတစ်ဦးထက်ပိုပါက မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားချက်အား သဘောတူကြောင်း မှတ်ပုံတင် ပူးတွဲလျှောက်ထားသူများအားလုံး၏ သဘောတူခွင့်ပြုချက်အား ပူးတွဲတင်ပြရမည်။

**ငွေပေးသွင်းခြင်း**

၅။ လျှောက်လွှာပုံစံ (CR-5) ၏ အမှတ်စဉ်(၅) အကွက်တွင် မှတ်ပုံတင်လက်မှတ်မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းထားသည့်အခကြေးငွေပမာဏကို ဖော်ပြ၍ ပေးသွင်းပြီးဖြစ်သော ငွေသွင်းပြေစာအား ပူးတွဲတင်ပြရမည်-

ဥပမာ - ***ပေးသွင်းသည့် ငွေပမာဏ - ၅၀,၀၀၀ ကျပ်***

**လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏လက်မှတ်**

၆။ လျှောက်လွှာပုံစံ (CR-5) ၏ အမှတ်စဉ် (၆) အကွက်တွင် အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်က ရေးထိုးနိုင်ပြီး လက်မှတ်ရေးထိုးသူ၏ အမည်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့် ရက်၊ လ၊ ခုနှစ်တို့ကို ပြည့်စုံစွာဖြည့်စွက်ရမည်။ တရားဝင် တည်ထောင်ထားသော အဖွဲ့အစည်းအနေဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူ၏ ရာထူးနှင့် အဖွဲ့အစည်း၏အမည်တို့ကိုပါ ဖော်ပြရမည်ဖြစ်ပြီး အဆိုပါ လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်း ကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထားအား ပူးတွဲတင်ပြရမည်။

၇။ အီလက်ထရောနစ်နည်းဖြင့်လျှောက်ထားပါက မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန်မလိုဘဲ အီလက်ထရောနစ်ပုံစံပေါ်တွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏အမည်ကို ဖော်ပြရမည်။

၈။ ပူးတွဲပါဝင်သောစာရွက်အရေအတွက်စုစုပေါင်းကို ဖော်ပြရမည်။

ဥပမာ - ***ပူးတွဲပါဝင်သော စာရွက်စုစုပေါင်းမှာ (၁၀) ရွက် ဖြစ်ပါသည်။***

၉။ အချက်များအားလုံး ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရမည်။

၁၀။ လျှောက်လွှာပုံစံတွင် (*) ဖော်ပြထားသော အချက်များသည် မဖြစ်မနေ ဖြည့်စွက်ရမည့်အချက်များ ဖြစ်ပါသည်။ (*) အား နံပါတ်စဉ်၌ ဖော်ပြထားလျှင် အမှတ်စဉ်တစ်ခုလုံးတွင် ပါဝင်သည့် အချက်များကို မဖြစ်မနေ ဖြည့်စွက်ရမည်ဖြစ်သည်။

၁၁။ လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင် အဖွဲ့အစည်းတည်ထောင်ထားသည့် နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာ(CR-10) မိတ္တူအား ပူးတွဲတင်ပြရမည်။

၁၂။ သက်ဆိုင်ရာစာရွက်စာတမ်းများအား လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

**မူပိုင်ခွင့်ဦးစီးဌာန**